# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

# ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်နယ်ဦးစီးအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်များအား လစဉ်ချီးမြှင့်ငွေပေးရေး ဥပဒေ

**[၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁။]**

**ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်။**

**(၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်။)**

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည် အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ။ (၁) ဤဥပဒေကို **ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်နယ်ဦးစီးအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်များအား လစဉ်ချီးမြှင့်ငွေပေးရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ပထမအကြိမ်ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပသည့်နေ့တွင်၊ အာဏာတည်ရ မည်။

၂။ ။ ပြည်နယ်ဦးစီးအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ပြည်သူ့ ဘဏ္ဍာမှ လစဉ်ချီးမြှင့်ငွေ ငါးရာကျပ်စီ ရရှိကြရမည်။

(၁) ဦးထွန်းအေး၊

(၂) ဦးကျော်ဇော၊

(၃) ဦးဒိန်ရတန်၊

(၄) ဦးလဝမ်၊

(၅) ဦးဆန်ခိုလျှံ၊

(၆) ဦးဝမ်သူဟာရှင်၊

(၇) ဦးပွတ်ပါး၊

(၈) ဒေါက်တာစောလှထွန်း၊

(၉) ဦးစောဘိုးအောင်၊

(၁၀) ဖဒိုဘထွန်း၊

(၁၁) ဦးအေမြလေး၊

(၁၂) ဦးသိုင်းသန်းတင်၊

(၁၃) ဦးဘူးရယ်။

၃။ ။ ပုဒ်မ ၂ တွင် ဖော်ပြသောပုဂ္ဂိုလ်များသည် အသက်ထင်ရှားရှိသည့် ကာလပတ်လုံး ဖော်ပြပါ လစဉ်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

Myanmar Law Information System (MLIS)

၄။ ။ ပုဒ်မ ၂ တွင်ဖော်ပြသော ပုဂ္ဂိုလ်များသည် ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ရွေးချယ်တင်မြှောက် ခြင်းခံရ၍ နိုင်ငံတော်၏ တာဝန်တရပ်ရပ်ကို ထမ်းဆောင်ရသဖြင့် နိုင်ငံတော်က ပေးအပ်သော လစာများ ကို ရယူလျှင် ယင်းသို့ ရယူသည့်ကာလအတွင်း ဖော်ပြပါ လစဉ်ချီးမြှင့်ငွေကို ယာယီရပ်ဆိုင်းထားရမည်။

၅။ ။ ပုဒ်မ ၂ တွင်ဖော်ပြသော ပုဂ္ဂိုလ်များသည် အစိုးရဝန်ထမ်းတစ်ဦးအဖြစ် အမှုထမ်းရွက်ခဲ့၍ အငြိမ်းစားလစာများကိုရရှိလျှင် ယင်းအငြိမ်းစားလစာများနှင့်တကွ ဤဥပဒေတွင် ပြဋ္ဌာန်းသည့် လစဉ် ချီးမြှင့်ငွေကို ပူးတွဲခံစားခွင့်ရှိသည်။

၆။ ။ ပုဒ်မ ၂ တွင်ဖော်ပြသော ပုဂ္ဂိုလ်တဦးဦးသည် နိုင်ငံတော်အား သစ္စာဖောက်မှုဖြင့် အရေးယူ အပြစ်ပေးခံရလျှင် ဖော်ပြပါလစဉ်ချီးမြှင့်ငွေကို ခံစားခွင့်မရှိစေရ။

၇။ ။ ပုဒ်မ ၂ တွင် ဖော်ပြသော လစဉ်ချီးမြှင့်ငွေများအပေါ်တွင် အမြတ်ခွန် စည်းကြပ်ကောက်ခံခြင်း မပြုရ။

(ပုံ) နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်။

(၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်။)

အမိန့်အရ၊

(ပုံ) ဒုတိယဗိုလ်မှူးကြီး မြကျော်၊

အတွင်းရေးမှူး၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

Myanmar Law Information System (MLIS)